# လမ်းအမှတ်အသားများ

## ၁။ လမ်းအလယ်ရှိ အလျားလိုက် မျဉ်းဖြူ အမှတ်အသားများ



ပုံ ၈၉

အလယ်မျဉ်းပြတ်

(က) အလယ်မျဉ်းပြတ်၏ ဖြက်သည် အနည်းဆုံး ခြောက် လက်မ (၁၅စင်တီမီတာ)ရှိရမည်။

(ခ) မျဉ်းပြတ်၏အလျားသည် အနည်းဆုံး ဖြေဖြေလက်မ (နှစ် မီတာ) ရှိရမည်။ မျဉ်းပြတ်တစ်ခုနှင့်တစ်ခုကြားရှိအကွာအဝေးသည် သာမန်အားဖြင့် မျဉ်းပြတ်၏ အလျားနှင့် တူညီရမည်။ သို့သော်လိုအပ်လျှင် ပိုနိုင်သည်။

(ဂ) နှစ်လမ်းမောင်းတွင် မျဉ်းပြတ်ကို ဖြတ်ကျော်၍ ကွေ့နိုင်သည်။ “ဂ”ကွေ့လည်းကွေ့နိုင်သည်။ တစ်လမ်းမောင်းလမ်းတွင်မူ မျဉ်းပြတ်ကိုဖြတ်၍ ယာဉ်ကြောကူးပြောင်းနိုင်သည်။

(ဃ) အန္တရာယ်ကင်းရှင်းလျှင် မျဉ်းပြတ်ကိုဖြတ်၍ ရှေ့ယာဉ်ကိုကျော်တက်နိုင်သည်။

(င) မျဉ်းပြတ်များကို ခွ၍မမောင်းရ။

(စ) မျဉ်းပြတ်ပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။



ပုံ ၉၀

အလယ်မျဉ်း

(က) အလယ်မျဉ်း၏ပြက်သည် အနည်းဆုံး ခြောက် လက်မ (၁၅စင်တီမီတာ) ရှိ၍ တစ်ဆက်တည်း ရေးဆွဲရမည်။

(ခ) အလယ်မျဉ်းကို ဖြတ်ကျော်၍ မကွေ့ရ။ "ဂ"ကွေ့ မကွေ့ရ။ ယာဉ်ကြောလည်း မကူးပြောင်းရ။

(ဂ) ဤမျဉ်းကို ဖြတ်၍ ရှေ့ယာဉ်ကို ကျော်မတက်ရ။

(ဃ) ဤမျဉ်းကို ခွ၍မမောင်းရ။

(င) ဤမျဉ်းပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။



ပုံ ၉၁
အလယ်မျဉ်းပြိုင်နှစ်ကြောင်း

(က) အလယ်မျဉ်းတစ်ကြောင်း၏ ဖြက်သည်အနည်းဆုံး လေး လက်မ (၁၀ စင်တီမီတာ)နှင့် မျဉ်းပြိုင်နှစ်ကြောင်းကြားရှိအကွာအဝေးသည် လေး လက်မ (၁၀ စင်တီမီတာ)မှ ခုနစ် လက်မ (၁၈ စင်တီမီတာ) အထိထားရှိနိုင်သည်။

(ခ) မျဉ်းပြိုင်နှစ်ကြောင်းကို အန္တရာယ်ဖြစ်နိုင်သည့် လမ်းကွေ့လမ်းကောက်များ၊ တံတားကျယ်များ၊ မြင်ကွင်းကွယ်နေသော ကုန်းထိပ်များစသည့်နေရာများတွင် အသုံးပြုရမည်။

(ဂ) မျဉ်းပြိုင်နှစ်ကြောင်းကို လုံးဝဖြတ် မကျော်ရ။ “ဂ”ကွေ့မကွေ့ရ။ ခွမမောင်းရ။

(ဃ) မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ရှေ့မှယာဉ်ကို လုံးဝ ကျော်မတက်ရ။

(င) မျဉ်းပြိုင်နှစ်ကြောင်းနေရာတွင် ယာဉ်ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ။

(စ) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင် လမ်းမလျှောက်ရ။ ရပ်မနေရ။ စက်ဘီးမစီးရ။



ပုံ ၉၂
နှစ်လမ်းမောင်း



ပုံ ၉၃
တစ်လမ်းမောင်း

## အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို တစ်ဆက်တည်းမျဉ်းနှင့် မျဉ်းပြတ်များဖြင့် ရေးဆွဲထားခြင်း

(က) တစ်ဆက်တည်းမျဉ်းနှင့် မျဉ်းပြတ်အသီးသီး၏ ဖြက်သည် အနည်းဆုံးလေး လက်မ (၁၀ စင်တီမီတာ) နှင့် မျဉ်းနှစ်ကြောင်းကြားရှိ အကွာအဝေးသည် ၁၀စင်တီမီတာ(လေး လက်မ)မှ ခုနစ် လက်မ (၁၈စင်တီမီတာ) အထိ ထားရှိနိုင်သည်။

( ခ ) မျဉ်းပြတ်၏အလျားသည် အနည်းဆုံး ၆ပေ၆လက်မ (နှစ် မီတာ)ရှိရမည်။ မျဉ်းပြတ်တစ်ခု နှင့်တစ်ခုကြားရှိအကွာအဝေးသည် မျဉ်းပြတ်၏အလျားနှင့်တူညီရမည်။ သို့သော် လိုအပ် လျှင် ပိုနိုင်သည်။

( ဂ ) မျဉ်းပြတ်ရှိသောယာဉ်ကြောများဘက်မှ ယာဉ်သည်မျက်နှာချင်းဆိုင်လာသောဘက်မှ ယာဉ် အန္တရာယ်ကင်းရှင်းလျှင် အလယ်မျဉ်းပြိုင်နှစ်ကြောင်းကို ဖြတ်ကျော်၍ ကွေ့နိုင်သည်။ သို့ရာတွင် “ဂ”ကွေ့ မကွေ့ရ။

(ဃ) မျဉ်းပြတ်ရှိသော ယာဉ်ကြောများဘက်မှယာဉ်သည် အလယ်မျဉ်းနှစ်ကြောင်းဖြတ်၍ ရှေ့ ယာဉ်ကို ကျော်မတက်ရ။ ခွမမောင်းရ။

( င ) တစ်ဆက်တည်းမျဉ်းရှိသောယာဉ်ကြောဘက်မှ ယာဉ်သည်တစ်ဆက်တည်းမျဉ်းကို လုံးဝ ဖြတ်မကျော်ရ။

( စ ) မျဉ်းပြိုင်နှစ်ကြောင်းပေါ်တွင်လမ်းမလျှောက်ရ၊ ရပ်မနေရ၊ စက်ဘီးမစီးရ။

# ယာဉ်ကြောများကိုသတ်မှတ်သည့်အလျားလိုက်မျဉ်းဖြူ အမှတ်အသားများ



ပုံ ၉၄

တစ်လမ်းမောင်းလမ်း

(က) လမ်းတစ်လျှောက်ယာဉ်တစ်စီးခြင်းရှေ့နောက် လွယ်ကူစွာနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရန် အတွက်ယာဉ်ကြောများကို တစ်ဆက်တည်းမျဉ်း၊ မျဉ်းပြတ်တို့ဖြင့် သတ်မှတ်သည်။

(ခ) မျဉ်းများ၏ပြက်သည် အလယ်မျဉ်းများ၏ပြက်ထက်ကျဉ်း၍ အနည်းဆုံး လေးလက်မ (၁၀စင်တီမီတာ) ရှိရမည်။

(ဂ) လမ်းဆုံလမ်းခွတွင် ကန့်လန့်ဖြတ်ရေးဆွဲထားသော ရပ်မျဉ်းများသို့မရောက်မီ အနည်းဆုံး ပေ၁၀၀ (၃၀ မီတာ)မှစ၍ ရပ်မျဉ်းအထိ တစ်ဆက်တည်းမျဉ်းဖြင့် ယာဉ်ကြောများကို ခွဲခြားထားရမည်။

(ဃ) မျဉ်းပြတ်များဖြင့်ခွဲခြားထားသော ယာဉ်ကြောများတွင် ယာဉ်များသည် ယာဉ်ကြောတစ်ခုမှ တစ်ခုသို့ကူးပြောင်းနိုင်သည်။ယာဉ်ကြောကူးပြောင်းရာတွင် အလိုက်သင့်အလျားသင့်တစ်ခုပြီးမှ တစ်ခုကူးပြောင်းရမည်။နောက်မှလိုက်လာသောယာဉ်ကိုအနှောင့်အယှက်မဖြစ်စေရ။ လမ်းဆုံလမ်းခွမရောက်မီ တစ်ဆက်တည်းမျဉ်းနေရာတွင် ယာဉ်ကြောလုံးဝ မကူးပြောင်းရ။

(င) မျဉ်းပြတ်နေရာတွင် ရှေ့ယာဉ်ကို ကျော်တက်နိုင်သည်။ တစ်ဆက်တည်းမျဉ်း နေရာတွင်မူ ကျော်မတက်ရ။

မှတ်ချက်။ မျဉ်းဝါဖြင့် သတ်မှတ်သော ယာဉ်ကြောသည်ဘက်စ်ကားများအတွက်သာ ဖြစ်သည်။



ပုံ ၉၅
နှစ်လမ်းမောင်းလမ်း

(က) တစ်လမ်းမောင်း၏ ရှင်းလင်းချက်(က)ပါအတိုင်းဖြစ်သည်။

(ခ) တစ်လမ်းမောင်း၏ ရှင်းလင်းချက်(ခ)ပါအတိုင်းဖြစ်သည်။

(ဂ) တစ်လမ်းမောင်း၏ ရှင်းလင်းချက်(ဂ)ပါအတိုင်းဖြစ်သည်။

(ဃ) သာမန်အားဖြင့် လက်ယာဘက်ယာဉ်ကြောတွင် မောင်းနှင်ရမည်။ လက်ဝဲဘက်သို့ ကွေ့လိုလျှင် မျဉ်းပြတ်နေရာများတွင်သာ လက်ဝဲယာဉ်ကြောသို့ ကူးပြောင်းပြီးမှသာ ကွေ့ရမည်။

(င) ရှေ့ယာဉ်ကိုကျော်တက်လိုလျှင် မျဉ်းပြတ်နေရာများတွင်သာကျော်တက်ရမည်။

(စ) အလယ်မျဉ်းပြတ်ရှိသောနေရာများတွင်သာ "ဂ"ကွေ့ကွေ့နိုင်သည်။

# လမ်းပေါ်တွင်ညွှန်ပြသည့်မြားပုံအမှတ်အသားများ



ပုံ ၉၆



ပုံ ၉၇



ပုံ ၉၈

မြားဖြူများ

(က) လမ်းဆုံလမ်းခွသို့မရောက်မီသွားနိုင်သည့်ယာဉ်ကြောကို ညွှန်ပြသောမြားများပုံဖြစ်သည်။

(ခ) မြားအလျားသည် အနည်းဆုံး ၆ပေ ၆လက်မ (နှစ်မီတာ) ရှိရမည်။ ရှေ့နှင့်နောက်မြား တစ်ခုနှင့်တစ်ခု ကြားရှိ အကွာအဝေးသည်အနည်းဆုံး ၁၀၀ပေ (၃၀မီတာ) ခန့်ရှိရမည်။

မှတ်ချက်။ မြားဝါများသည် ဘတ်(စ်)ကားများအတွက်သာဖြစ်သည်။

# ကန့်လန့်ဖြတ်ရပ်မျဉ်းဖြူအမှတ်အသားများ



ပုံ ၉၉

ရပ်မျဉ်းဖြူများ




ပုံ ၁၀၀

ရပ်မျဉ်းအပြင် “ရပ်”စာသားဖြင့်ထပ်ဆင့်ဖော်ပြခြင်း

(က) အထက်ပါ ပုံ ၉၉ နှင့် ပုံ ၁၀၀ တွင် ရပ်မျဉ်းများကို ဖော်ပြထားသည်။ယာဉ်ရပ်သောအခါ ထိုမျဉ်း၏ နောက်တွင်သာ ရပ်ရမည်။ ရပ်ထားသောယာဉ်၏ ယာဉ်မောင်းသူသည် လက်ဝဲ လက်ယာတို့မှ ယာဉ်နှင့်ခြေကျင်လျှောက်သူများ သွားလာမှုကို ကောင်းစွာမြင်နိုင်သည့် နေရာတွင် ထိုမျဉ်းကိုရေးဆွဲရမည်။

(ခ) ရပ်မျဉ်း၏ ဖြက်သည် ခြောက် လက်မ (၁၅စင်တီမီတာ)မှ ၁၈လက်မ (၄၆စင်တီမီတာ)အထိ ရှိနိုင်သည်။

(ဂ) ရပ်မျဉ်းရှိကြောင်းသိစေရန်အတွက် လမ်းပေါ်တွင် “ရပ်” စာသားကိုပါ အဖြူရောင်ဖြင့် ရေးဆွဲနိုင်သည်။ယင်းစာသား၏ အောက်ခြေမှ ထိပ်အထိ၆ပေ၆လက်မ (နှစ် မီတာ)ထက် မငယ်စေရ။ ရပ်မျဉ်းမှ စာသားထိပ်အထိ အကွာအဝေးမှ အနည်းဆုံး ၁၀ပေ (သုံး မီတာ) ရှိရမည်။

# ခြေကျင်လျှောက်သူများအတွက် မျဉ်းဝါအမှတ်အသားများ



ပုံ ၁၀၁

လူကူးမျဉ်းကျားအဝါ

(က) ခြေကျင်လျှောက်သူများ အန္တရာယ်ကင်းရှင်းစွာလမ်းကို ဖြတ်ကူးနိုင်ရန် နေရာ သတ်မှတ်ချက်ကို မျဉ်းကျားအဝါဖြင့် ဖော်ပြ၍လူနှင့်ယာဉ်အသွားအလာများသော နေရာများတွင် အသုံးပြုရမည်။

(ခ) မျဉ်းကျား၏အနံသည်အနည်းဆုံး၁၀ပေ (သုံး မီတာ)ရှိရမည်။လိုအပ်ပါက ၁၃ပေ (လေး မီတာ)အထိ တိုးချဲ့ နိုင်သည်။

(ဂ) မျဉ်းတစ်ခုနှင့်တစ်ခုကြားအကွာအဝေးသည် သာမန်အားဖြင့် မျဉ်း၏ဖြက်နှင့်တူညီရမည်။ သို့ရာတွင် မျဉ်းဖြက်၏နှစ်ဆထက် မပိုစေရ။ မျဉ်း၏ဖြက်သည် တစ်ပေ (၃၀ စင်တီမီတာ)မှ ၁ပေ ၆လက်မ (၄၆ စင်တီမီတာ)ရှိရမည်။

(ဃ) မျဉ်းကျားရှိကြောင်းကို ယာဉ်ထိန်းအချက်ပြမီးဖြင့် သတိပေးလိုပါက ထိုမီးကို မျဉ်းကျားမှ ၁၆ပေ၆လက်မ (ငါး မီတာ) အကွာအဝေးတွင်ပြသရမည် သို့မဟုတ် ရှေ့တွင် လူကူးလမ်း ရှိသည်ဟု အန္တရာယ်သတိပေးလမ်းညွှန်းဖြင့် ၁၆၅ပေ (၅၀မီတာ) အကွာအဝေးတွင် ဖော်ပြရမည်။



ပုံ ၁၈၂
လူကူးမျဉ်းဝါများ

(က) ယာဉ်ထိန်းအချက်ပြမီးသို့မဟုတ်ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူထိန်းသိမ်းသော လမ်းဆုံ လမ်းခွတွင် လူဖြတ်ကူးရန်အတွက် မျဉ်းဝါနှစ်ကြောင်းကိုရပ်မျဉ်း၏ ရှေ့တွင် ရေးဆွဲရမည်။

(ခ) မျဉ်းဝါတစ်ကြောင်း၏ ဖြက်သည့် ခြောက် လက်မ (၁၅ စင်တီမီတာ)မှ ၁ပေ ၆လက်မ (၄၆ စင်တီမီတာ)အထိရှိရမည်။မျဉ်းကြောင်းတစ်ခုနှင့်တစ်ခုကြားရှိအကွာအဝေးသည်အနည်းဆုံး ၆ပေ ၆ လက်မ (နှစ် မီတာ) ရှိရမည်။

(ဂ) ရပ်မျဉ်း၏ ထိပ်နှင့်အနီးဆုံးမျဉ်းဝါ၏ အကွာအဝေးသည် အနည်းဆုံး ငါး ပေ (၁.၅ မီတာ) ခန့်ရှိရမည်။



ပုံ ၁၀၃

လူကူးမျဉ်းဝါပြတ်

(က) လူကူးမျဉ်းဝါပြတ်များကို ယာဉ်အသွားအလာများသောကျောင်းရှေ့၊ ဆေးရုံရှေ့၊ ဘတ်စ်ကားမှတ်တိုင် အနီးစသည့်နေရာများ၌ အသုံးပြုရမည်။

(ခ) မျဉ်းဝါပြတ်နှစ်ကြောင်းကြားရှိ လူကူးလမ်း၏ ဖြက်သည် ၁၀ပေ (သုံး မီတာ)မှ ၁၃ပေ (လေး မီတာ) အထိရှိရမည်။

(ဂ) မျဉ်းဝါပြတ်တစ်ခု၏ အလျားသည်အနည်းဆုံး နှစ် ပေ (၆၁ စင်တီမီတာ)နှင့် ဖြက်သည် အနည်းဆုံး တစ် ပေ (၃၀ စင်တီမီတာ)ရှိရမည်။ယင်းတို့၏ကြားအကွာအဝေးသည် ၎င်း၏ အလျားနှင့် တူညီရမည်။

(ဃ) လူကူးမျဉ်းဝါပြတ်ရှိသည့် နေရာသို့မရောက်မီ အနည်းဆုံး ၁၆၅ပေ (၅၀မီတာ) အကွာအဝေး၌ ရှေ့တွင်လူကူးမျဉ်းရှိသည် သို့မဟုတ် ရှေ့တွင်ကျောင်းရှိသည်ဟု အန္တရာယ်သတိပေးလမ်းညွှန်းကို ဖော်ပြရမည်။

## ပုံ ၁၀၁၊ ပုံ ၁၀၂၊ ပုံ ၁၀၃ လူကူးမျဉ်းဝါ နေရာများတွင် ယာဉ်မောင်းသူများ လိုက်နာ ရမည့်အချက်များ

(က) လူကူးမျဉ်းကျားသို့မဟုတ် မျဉ်းဝါပြတ်နေရာသို့မရောက်မီ အနည်းဆုံး ၁၆၅ပေ (၅၀မီတာ) အကွာအဝေးမှ အရှိန်လျှော့၍ သတိဖြင့်မောင်းနှင်ချဉ်းကပ်ရမည်။ ဖြတ်ကူးသူများ ရှိနေလျှင် မျဉ်းကျား သို့မဟုတ် မျဉ်းဝါပြတ်မှ အနည်းဆုံး ၁၆ပေ ဖြလက်မ (၄း မီတာ) အကွာအဝေးတွင် ယာဉ်ကိုရပ်ပြီး လမ်းဖြတ်ကူးသူများရှင်းမှ ဆက်မောင်းရမည်။

(ခ) လူကူးမျဉ်းကျား သို့မဟုတ် မျဉ်းဝါပြတ်ပေါ်တွင်မည်သည့် အကြောင်းကြောင်းနှင့်မျှ ယာဉ်လုံးဝမရပ်ရ။ထိုမျဉ်းများပေါ်တွင် ယာဉ်ပျက်စီးချွတ်ယွင်း၍ ရပ်သွားပါက ထိုမျဉ်းများ နှင့်လွတ်ကင်းသည့် လမ်းဘေးနေရာသို့အမြန်ဆုံးရွှေ့ရမည်။

(ဂ) လူကူးမျဉ်းကျား သို့မဟုတ် မျဉ်းဝါပြတ်နေရာ၌ ရပ်ထားသော ယာဉ်ကိုကျော်မတက်ရ။ သွားနေသော ရှေ့ယာဉ်ကိုလည်း ကျော်မတက်ရ။

(ဃ) လူကူးမျဉ်းကျား သို့မဟုတ် မျဉ်းဝါပြတ်နေရာ၌ ယာဉ်ထိန်းရဲ သို့မဟုတ် တာဝန်ပေးအပ် ခံရသူက ကြီးကြပ်ထိန်းသိမ်းနေလျှင် ၎င်း၏ညွှန်ပြချက်အတိုင်း လိုက်နာရမည်။

(င) လမ်းဆုံလမ်းခွ၌ရပ်မျဉ်းနောက်တွင်သာ ယာဉ်ကိုရပ်ရမည်။ လူကူးမျဉ်းဝါပေါ်တွင် ယာဉ် မရပ်ရ။

(စ) လမ်းဆုံလမ်းခွ၌ ယာဉ်ကွေ့လျှင်ကွေ့မည့်လမ်းပေါ်တွင် ဖြတ်ကူးသူများကို အထူးဂရုစိုက် ရမည်။

# လမ်းပေါ်မျဉ်းဝါကျွန်းအမှတ်အသားများ



ပုံ ၁၀၄

လမ်းအလျားလိုက်ကျွန်း



ပုံ ၁၀၅



ပုံ ၁၀၆

လမ်းခွဲကျွန်းများ

## လမ်းခွဲကျွန်းများ

(က) ယာဉ်များဖြတ်ကျော်ခြင်းမပြုစေလိုသည့် လမ်းပေါ်ကျွန်းအမှတ်အသားများကို မျဉ်းဝါများဖြင့် ရေးဆွဲ သတ်မှတ်ရမည်။

(ခ) ကျွန်းပတ်လည်ရေးဆွဲထားသော မျဉ်းဝါ၏ပြက်သည် အနည်းဆုံးတစ်ပေ(၃၀ စင်တီမီတာ) ရှိရမည်။ ကျွန်းအတွင်း၌ မျဉ်းဝါကျားများပါ ရေးဆွဲနိုင်သည်။

(ဂ) ကျွန်းပေါ်တွင် ယာဉ်များရပ်ခြင်း၊ ဖြတ်ကျော်ခြင်း မပြုရ။

(ဃ) ကျွန်းရှိသောလမ်းကို ဖြတ်ကူးသူသည် ကျွန်းပေါ်တွင်တစ်ထောင့်နားပြီး ယာဉ်သွားလာမှုရှင်းမှ ဆက်လက်ဖြတ်ကူးနိုင်သည်။ ကျွန်းအတွင်းလမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းမပြုရ။

# မျဉ်းဝါပြတ် ဘတ်စ်ကားမှတ်တိုင်နေရာအမှတ်အသားများ



ပုံ ၁၀၇

လမ်းဘေးယာဉ်ကြောမှခွဲ၍ သီးခြားသတ်မှတ်ထားသောဘတ်စ်ကားမှတ်တိုင်နေရာများ



ပုံ ၁၀၈

လမ်းဘေးယာဉ်ကြောအတွင်းသတ်မှတ်ထားသော ဘတ်စ်ကားမှတ်တိုင်နေရာများ

(က) မြို့တွင်းယာဉ်သွားလာမှုများပြားသောလမ်းတွင် ခရီးသည်များအတင်အချအတွက် ဘတ်စ်ကားမှတ်တိုင်နေရာများကို လမ်းဘေး၌မျဉ်းဝါပြတ်များဖြင့် သတ်မှတ်ရမည်။

(ခ) မျဉ်းဝါပြတ်တစ်ခု၏ အလျားသည်အနည်းဆုံး နှစ် ပေ (၆၁ စင်တီမီတာ)နှင့် ဖြက်သည် အနည်းဆုံး ခြောက် လက်မ (၁၅ စင်တီမီတာ)ရှိရမည်။ မျဉ်းဝါပြတ်တစ်ခုနှင့် တစ်ခု၏ကြားရှိ အကွာအဝေးသည် မျဉ်းဝါပြတ်၏ အလျားနှင့်တူညီရမည်။

(ဂ) ဘတ်စ်ကားမှတ်တိုင်နေရာ၏ အကျယ်အဝန်းသည် အနည်းဆုံး ဘတ်စ်ကားကြီးတစ်စီး ရပ်ဆိုင်းရန် လုံလောက်သောနေရာ ဖြစ်ရမည်။

(ဃ) လမ်း၏တစ်ဘက်တစ်ချက်တွင် ထားရှိသော ဘတ်စ်ကားမှတ်တိုင်နေရာ တစ်ခုနှင့်တစ်ခုသည် မျက်နှာချင်းဆိုင်မရှိစေရ။

(င) လမ်းဆုံလမ်းခွများအနီးတွင် ဘတ်စ်ကားမှတ်တိုင်များ မထားရှိရ။

(စ) ရထားလမ်းကူးအနီးတွင် ဘတ်စ်ကားမှတ်တိုင်များ မထားရှိရ။

# လမ်းဘေးကပ်တုံး အမှတ်အသားများ



ပုံ ၁၀၉

အဖြူ၊ အနီလမ်းဘေးကပ်တုံးများ



ပုံ ၁၁၀

အဝါ ၊ အနက်လမ်းဘေးကပ်တုံးများ

(က) ပုံ ၁၀၉ ပါလမ်းဘေးကပ်တုံးရှိသော လမ်းတစ်လျှောက်တွင် ယာဉ်များလုံးဝ ရပ်ဆိုင်းခြင်း၊ရပ်နားခြင်းမပြုရ။၎င်းအမှတ်အသားကိုအဝိုင်းပတ်များ၊ လမ်းခွဲကျွန်းများ၊ အန္တရာယ်ရှိသော လမ်းကွေ့များ၊ လမ်းဆုံလမ်းခွများစသည့်နေရာများတွင် အသုံးပြု ရမည်။ ဖြူနီကျားလမ်းဘေးကပ်တုံးများကို ဆေးရုံရှေ့တိုင်းတွင် ရေးဆွဲရမည်။

( ခ) ပုံ ၁၁၀ ပါလမ်းဘေးကပ်တုံးရှိသော လမ်းတစ်လျှောက်တွင် ယာဉ်ကိုခေတ္တခဏသာ ရပ်ဆိုင်းနိုင်သော်လည်းလုံးဝရပ်မထားရ။ ယင်းအမှတ်အသားကို လမ်းပိတ်ဆို့စေနိုင်သည့် ဈေး၊ ကျောင်း၊ လူအဝင်အထွက်များသောရုံးစသည်တို့၏ နေရာများတွင် အသုံးပြုရမည်။

( ဂ) လမ်းဘေးကပ်တုံးများတွင် အရောင်တစ်မျိုးစီ၏ အလျားသည် အနည်းဆုံး ၁ပေ ၆လက်မ (၄၆စင်တီမီတာ)စီ ရှိရမည့်အပြင် ဆေးများကို ကပ်တုံးအပြည့်သုတ်ရမည်။

# အဖြူ၊ အနီကျားလမ်းဘေးတိုင်များ



ပုံ ၁၁၁

(က) ပုံ ၁၁၁ ပါ တိုင်များကို ချောက်ကမ်းပါးရှိသော လမ်းဘေး၊ အန္တရာယ်ဖြစ်ပေါ်နိုင်သော လမ်းကွေ့ လမ်းကောက် စသည့်နေရာများတွင် စိုက်ထူထားရမည်။

(ခ) ယင်းတိုင်များရှိသော လမ်းဘေးတစ်လျှောက်တွင် ယာဉ်များလုံးဝရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရသည့်အပြင် ယာဉ်အချင်းချင်းကျော်မတက်ရ။ယင်းတိုင်များကိုတွေ့လျှင် ယာဉ်အရှိန်လျှော့၍ သတိဖြင့် မောင်းနှင်ရမည်။

(ဂ) ယင်းတိုင်များပတ်လည်တွင် အဖြူ၊ အနီ တစ်ကွက်စီ၏ ဖြက်သည် အနည်းဆုံး ခြောက်လက်မ (၁၅စင်တီမီတာ)ရှိရမည်။